

လမ်းကြောင်းများ၊

# အပန်းဖြေလမ်းနှင် ရှုခင်းစီမံကိန်း

ပြည်သူအသိုင်းအဝိုင်းအား အသိပညာမြင့်တင်ပေးရန် ကြိုးစားမှုတခုအနေဖြင့် Patrick Leahy Burlington အပြည်ပြည်ဆိုင်ရာလေဆိပ်(BTV) သည် Chamberlin နယ်မြေအတွင်းရှိ ရှုခင်းအမျိုးမျိုးပေါင်းစပ်ပါဝင်သော အပန်းဖြေလမ်းအသစ်တခုကို ဖန်တီးရန်အဆိုပြုတင်သွင်းထားသည်။



ထိုအပန်းဖြေလမ်းသည် ဒေသပေါက်ပင်မျိုးစိတ်များနှင့် ဗားမောင့်ပြည်နယ်(Vermont)၏ အထင်ကရ ရှုခင်းများပါဝင်သော"ထိန်းသိမ်းရေးနယ်မြေ" တခုအဖြစ် ဖြစ်လာမည်ဖြစ်သည်။ ထိုကဲ့သို့ အယူအဆများနှင့်လမ်း၏ ရည်မှန်းချက်များထဲမှ တခုမှာ နယ်မြေအတွင်း ဆက်သွယ်မှု၊ ကျန်းမာရေးနှင့် ကျန်းမာရေးအသိတရားများ အားကောင်းစေမှုကို ဖန်တီးရန်ဖြစ်သည်။

ဒေသပေါက်ပင်နှင့် သစ်မျိုးစိတ်များကို အဆိုပြုထားသော ရှုခင်းအစီအစဉ်တွင်ဖော်ပြသွားမည်ဖြစ်သည်။

**"(BTV)သည် အနာဂတ်မျိုးဆက်များအတွက် အစိမ်းစိုဆုံးလေဆိပ်ဖြစ်ရန်ကြိုးစားခြင်းဖြင့် တာဝန်ယူရန် ကတိကဝတ်ပြုထားသည်။"**

**- Nic Longo, လေကြောင်းဒါရိုက်တာ**

SCAN ME

**ပိုမိုသိရှိလိုပါက QRကုဒ်ကို စကင်ဖတ်ပါ။ ဒါမှမဟုတ် ဖော်ပြပါ အွန်လိုင်းစာမျက်နှာတွင်လာရောက်လေ့လာပါ။**

**www.btv.aero/about-btv/community**



အဆိုပြုတင်သွင်းထားသောစကြံ့တလျှောက်ရှိ အဓိကကျသောနေရာများကို အဆင့်မြှင့်တင်ရန်အတွက် လမ်းတလျှောက် အလှဆင်မည့် ပစ္စည်းများအဖြစ် လမ်းသစ်ပင်များ၊ အလှဆင်ထားသောခြံစည်းရိုးများနှင့် ဒေသပေါက်ပင်အမျိုးစုံပါဝင်သည်။





အယူအဆမူကြမ်း အပန်းဖြေလမ်းကို လေဆိပ်လမ်းကြောင်း၏ အနောက်ဘက်အခြမ်းတွင်အဆိုပြုတင်သွင်းထားပြီး ဘာလင်တန်မြို့တောင်ဘက်ရှိ လျှောက်လမ်းများ၊ လမ်းများ နှင့်ချိတ်ဆက်ကာ အဖွဲ့ဝင်အသိုင်းအဝိုင်းများအတွက် လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် စက်ဘီးစီးခြင်းတို့ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ထားသည်။ ထိုအရာများသည် ပန်းခြံကဲ့သို့သော သဘာဝပတ်ဝန်းကျင်တခုကို ဖန်တီးစေသကဲ့သို့ဖြစ်ပြီး လေဆိပ်၏ အစိတ်အပိုင်းများကို နယ်မြေအတွင်းရှိပြည်သူများနှင့် အသိုင်းအဝိုင်းများအတွက်ပိုမိုလက်လှမ်းမှီစေပါသည်။ ဤလမ်းသည် သစ်ပင်များပါဝင်သည့် ပွင့်လင်းဧရိယာကို ဖြတ်ကျော်၍ သွားလာရမည်ဖြစ်ပြီး လမ်းတလျှောက်တွင် သက်တောင့်သက်သာရှိစေသော ဒေသတွင်းကျောက်များဖြင့်ပြုလုပ်ထားသော ထိုင်စရာဧရိယာများကိုလည်း တွေ့ရမည်ဖြစ်သည်။

ရှုခင်းတွင်ထည့်သွင်းမည့် ပစ္စည်းများအတွက် အယူအဆရေးရာ အစီအစဉ်ကို ကနဦးအသိုင်းအဝိုင်း၏တုန့်ပြန်ချက်များအပြင် FAAနှင့် ထောက်ပံ့ကြေးလိုအပ်ချက်များအပြင် ပါဝင်ပစ္စည်းများကို တိတိကျကျနှင့်အနုပညာမြောက်စွာနေရာချထားပြီး ကျစ်လစ်သော စီမံကိန်းတခုဖြစ်စေရန် စေ့စပ်သေချာစွာထည့်သွင်းစဉ်းစားထားသည်။ စကြံတလျှောက်အဓိကနေရာများကို အဆင့်မြှင့်တင်ရန်အတွက် လမ်းသစ်ပင်များ၊ အလှဆင်ထားသော ခြံစည်းရိုးများနှင့် သဘာဝပေါက်ပင်အမျိုးအစားစုံလင်ထည့်သွင်းထားသည်။ အဆိုတင်သွင်းထားသော သဘာဝပေါက်ပင်များ၊ ချုံပုတ်များနှင့် အော်နာ(orna) အလှဆင်မြက်များ စိုက်ပျိုးခြင်းအပြင် ဒေသကျောက်နံရံများ၊ ဆိုင်းပုဒ်များနှင့် ဒေသခံအနုပညာရှင်များမှ ထုလုပ်ထားသော ပန်းပုများလည်း ထပ်မံပါဝင်သည်။

## ပြည်သူအသိုင်းအဝိုင်းအကျိုးစီးပွားများ

**ရေရှည်တည်တံ့မှု:** သတ်မှတ်ထားသော "ထိန်းသိမ်းရေးနယ်မြေ" သည် ဇာတိမျိုးစိတ်များမှီခိုရှင်သန်မှုကို သေချာစေရန်အပြင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းများအား သိသာထင်ရှားသော စိတ်ရင်းစေတနာကိုပြသနိုင်ရန်အတွက် ရည်ရွယ်ထားသည်ကို ဖော်ပြသည်။

**စိမ်းလန်းစိုပြေသောနေရာ:** အဆိုပြုထားသော လမ်းနှင့် ရှုခင်းတွင်ပါဝင်သည့် ပစ္စည်းများသည် တောရိုင်းတိရိစ္ဆာန်များကျက်စားရာနေရာများကို ထိန်းသိမ်းခြင်းနှင့် ဖန်တီးခြင်းအားဖြင့် ဧရိယာအတွင်းရှိ ဇီဝမျိုးကွဲများကိုကာကွယ်ရန်အထောက်အကူပြုနိုင်သည့် အလှတရားများနှင့်ပြည့်စုံသော စကြံတခုအဖြစ်ဖန်တီးပေးလိမ့်မည်။

**သဘာဝပတ်ဝန်းကျင်:** အပန်းဖြေလမ်းများ၊ ပန်းခြံများနှင့် စိမ်းလန်းစိုပြေသော နေရာများသည် အရိပ်အာဝသများဖြစ်စေကာ မြေပြင်အပူချိန်နည်းပါးခြင်း၊ သန့်ရှင်းသောရေ နှင့် ပိုမိုကျန်းမာသော လေထုကို ဖြစ်စေမည်။

**ကျန်းမာရေးနှင့် ကျန်းမာရေးအသိပညာ:**
အပန်းဖြေစိမ်းလန်းစိုပြေသောနေရာသည် အပြုသဘောဆောင်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် လူမှုစီးပွားများကို အထောက်အကူဖြစ်စေကာ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများကို မြှင့်တင်ပေးခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်သည်။

